Press Release 11/ 2007 (88) from
The 88 Generation Students
88generation@gmail.com
May 27, 2007
Rangoon (Yangon), Burma (Myanmar)

Date: 27th May 2007
Ref: 11/2007 (88)

# The 88 Generation Students' Announcement on the 17th Anniversary of the 1990 Multi-Party General Election

(1) Election is the major back-bone of the multi-party democracy system.

(2) Election is one and only to choose the real representatives of the peoples.

(3) The elected People's Representatives from the 1990 elections have tried to reach national reconciliation in Burma by many ways, including participation in the national convention, offering the State Peace and Development Council to rule the country as de jury government recognized by the People's Parliament, and extending olive branch to have political dialogue without any prejudice.

(4) This is obvious that calling for a political solution based on the 1990 elections result does not mean to demanding power, but intend to achieve national reconciliation and democratization.

(5) This is also to understand that they (People's Representatives) recognize and accept the political role of the Tatmadaw (Armed Forces) in transitional period.

(6) Honoring the elections result while solving the political and general crises in Burma shall mean paying respect to the dignity of the Tatmadaw that held the 1990 elections and citizens of Burma, who voted in the elections.

(7) Therefore, we, the 88 Generation Students, seriously urge the State Peace and Development Council to create a situation, in which all political actors, including Members of Parliament-elect, can be able to participate in the process of national reconciliation.

The 88 Generation Students
Rangoon, Burma

# ၈၈ မျိုးဆက်ကျောင်းသားများ၏
# (၁၇) နှစ်မြောက်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နှစ်ပတ်လည် ကြေညာချက်

နေ့စွဲ။ ။ ၂၇၊ မေ၊ ၂၀၀၇
စာအမှတ်။ ။ ၁၁ / ၂၀၀၇ (၈၈)

၁။ ရွေးကောက်ပွဲသည်၊ ပါတီစုံဒီမိုကရေစီစနစ်၏ ကျောရိုးမဏ္ဍိုင်ဖြစ်သည်။

၂။ ရွေးကောက်ပွဲသည်၊ နိုင်ငံသားတို့၏ စစ်မှန်သောကိုယ်စားလှယ်များကို ရွေးချယ်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

၃။ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်၊ အမျိုးသားညီလာခံတွင် တက်ရောက်ဆွေးနွေးခြင်း နည်းလမ်းဖြင့်လည်းကောင်း၊ လက်ရှိ တပ်မတော်အစိုးရအား ဥပဒေကြောင်းအရ ဖွဲ့စည်းသော ( de jury ) အစိုးရအဖြစ် အုပ်ချုပ်မှုအာဏာအဝကို အပ်နှင်းမည်ဟု ကမ်းလှမ်းခြင်း နည်းလမ်းဖြင့်လည်းကောင်း၊ အာဃာတမထားပဲ တွေ့ဆုံဆွေးနွေးကြရန်တောင်းဆိုသော နည်းလမ်းဖြင့်လည်းကောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြသည်။

၄။ ၁၉၉၀ ရွေးကောက်ပွဲရလာဒ်ကို အခြေခံသောနိုင်ငံရေးဖြေရှင်းမှုဖြစ်ရမည်ဟု တောင်းဆိုနေခြင်းသည်၊ အာဏာကို ဦးတည်တောင်းဆိုခြင်းမဟုတ်ကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီရေးကိုသာ ဦးတည်ကြောင်း ထင်ရှားသည်။

၅။ အသွင်ကူးပြောင်းရေးကာလ၊ တပ်မတော်၏နိုင်ငံရေးအခန်းကဏ္ဍကို လက်ခံအသိအမှတ်ပြုခြင်းလည်း ဖြစ်သည်။

၆။ မြန်မာ့နိုင်ငံရေးအကြပ်အတည်းများကို ဖြေရှင်းရာတွင်၊ ရွေးကောက်ပွဲရလာဒ်ကိုအလေးထားအသိအမှတ်ပြုခြင်းသည်၊ ယင်း ရွေးကောက်ပွဲကို ဦးဆောင်ကျင်းပပေးခဲ့သော၊ တပ်မတော်၏ဂုဏ်သိက္ခာ၊ မဲဆန္ဒရှင် နိုင်ငံသားများ၏ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားခြင်းဖြစ်သည်။

၇။ ထို့ကြောင့် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်တွင်၊ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင်၊ နိုင်ငံရေးအရ အရေးပါသူအားလုံး၊ ပါဝင်ဆောင်ရွက်နိုင်ခွင့်များ ဖန်တီးပေးရန်၊ တပ်မတော်အစိုးရ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) အား ကျွန်ုပ်တို့ ၈၈ မျိုးဆက်ကျောင်းသားများ မှ အလေးအနက်တိုက်တွန်းလိုက်သည်။

**၈၈ မျိုးဆက်ကျောင်းသားများ**